# သန့်ရှင်းစကား

ဝိညာဉ်ရေးရာစာစောင်


ယနေ့ ငါမှာထားသော စကား ကို နှလုံးသွင်း ရမည်။ အိမ်၌ ထိုင်လျက် နေသည်ဖြစ်စေ၊ ခရီး၌ သွားသည်ဖြစ်စေ၊ အိပ်လျက်၊ ထလျက် ရှိသည်ဖြစ်စေ၊ ထို စကား ကိုပြောရမည်။ တရားဟော ၆း၆–၇


အမှတ်စဉ် (၃) | နိုဝင်ဘာလ | ၂၀၀၁ ခုနှစ် | (စမ္ပဒါန)


ဘာသာပြန်ဆောင်းပါး




လူတိုင်း လှချင် ကြတာပေါ့၊ ကိုယ်ကိုယ်တိုင် မလှရင် တောင် လှ တာကို ပဲ လူတိုင်း က လိုချင်ကြတယ်။ အလှအပ ဟာ ဒီနေ့ ကမ္ဘာ မှာ အမြင့်မားဆုံး ရောင်းကုန် တစ်ခု ဖြစ်နေပါပြီ။ လှတဲ့ ပစ္စည်းတိုင်း အရောင်း သွက်နေသလို၊ လှတဲ့ လူတိုင်း လဲ မိတ်ဆွေ အပေါင်းအသင်း များတယ် ၊ လူသိ များပြီး ကျော်ကြား ပါတယ်။ အလှအပ တရား က စိတ်ကို ပျော်ရွှင်ကြည်နူး စေတယ်လို့ လူတွေ က ယုံကြည် နေကြတယ်။

အလှအပ ဟာ လူ့ အသိုင်းအဝိုင်း မှာ အရေးပါ အရာရောက် တယ်လို့လဲ လူတွေက ထင်နေကြ ပြန်သေးတယ်။ ဒါ့ကြောင့် ဒေါ်လာ သန်းနဲ့ချီ အကုန်ခံ ပြီးတော့ ပလတ်စတစ် ဆာဂျာရီ လုပ်ပြီး လူတွေ အလှပြင် နေကြတယ် မဟုတ်လား။ အမွှေးနံ့သာ၊ ဆေးရောင်စုံ၊ အဆောင်အယောင်၊ အဝတ်အထည် တွေနဲ့ လူတိုင်း မလှ လှအောင် ကြံဆောင်နေကြတယ် မဟုတ်လား။

ပင်ကိုယ် အလှ ဆိုတာ ကလဲ မွေးရာပါ ဖြစ်နေတော့ အလွယ်တကူ လူတိုင်း ရဖို့ အခက်သား မဟုတ်လား၊ အလုပ်အားတဲ့ တရက်လောက် ကျရင် လူစည်ကားတဲ့ နေရာ တစ်နေရာမှာ ထိုင်ပြီး လမ်းသွားလမ်းလာ တွေကို လေ့လာကြည့်ပါ။ (မျက်စိ အရသာ ခံခိုင်းခြင်း မဟုတ်ပါ) လူတစ်ရာ မှာ ဘယ်နှစ်ယောက် ထူးထူးခြားခြား လှပါသလဲ။ ယေဘူယျ အားဖြင့် လူ တော်တော် များများဟာ တစ်နည်းနည်း နဲ့ အရုပ်ဆိုး နေတာကို သင် သတိပြုမိပါလိမ့်မယ်။ ဥပမာ– ပိန်လွန်းခြင်း၊ ဝလွန်းခြင်း၊ ရှည်လွန်းခြင်း၊ ပုလွန်းခြင်း၊ (ခန္ဓာကိုယ် အချိုး အစား မကျခြင်း)၊ မျက်လုံး ပြူးခြင်း၊ နှာခေါင်း ကြီးခြင်း၊ နဖူး ပြောင်ခြင်း၊ ပါးစပ် ပြဲခြင်း (မျက်နှာ အချိုး မကျခြင်း) ဆိုတဲ့ လူကို အရုပ်ဆိုး စေတဲ့ ပြစ်ချက် တစ်ခုခု ဟာ လူတိုင်း နီးပါးမှာ ရှိနေတာကို သင် သတိပြုမိပါလိမ့်မယ်။ အဲဒီလို ပြစ်ချက် တစ်ခုမှ မရှိတဲ့ သူကတော့ ပြစ်မျိုး မဲ့မထင်၊ အလှရှင် တစ်ယောက် ဖြစ်သွားပြီပေါ့။

ကျွန်တော် လူပျိုပေါက် အရွယ်တုံးက ကိုယ့်ကိုယ်ကို သူများထက် အရုပ် ပိုရှည်နေမှန်း သတိပြုမိတဲ့အခါ စိတ်ထဲ မကျေမနပ် ဖြစ်ခဲ့ဖူးပါတယ်၊ ကျောင်းနေဘက် သူငယ်ချင်း တွေကလဲ ကျွန်တော့် ကို 'လန်ဘား၊ လန်ဘား' လို့ ခေါ်ပြီး အရုပ်ရှည် တာကို ရယ်စရာ တစ်ခုလို သတ်မှတ်နေကြတော့ 'အမေ နဲ့ အဖေ က ငါ့ကို ဘာလို့ အရုပ်ရှည်အောင် မွေးပေးသလဲ' လို့ ကလေးအတွေး နဲ့ မိဘကို အပြစ်တင် ခဲ့ဖူးတယ်။ နောက်တော့ 'ဘုရားသခင် က ငါ့ကို ဘာဖြစ်လို့ အရုပ်ရှည်ရှည် ဖန်ဆင်းထားတာလဲ' လို့ တဆင့်တက်ပြီး အပြစ် မြင်မိပြန်ရော၊ မြန်မာလူမျိုး တစ်ယောက်ရဲ့ ရှိသင့်တဲ့ သာမာန် အရုပ်ထက် ပိုရှည်နေလို့ ကိုယ့်ကိုယ်ကို သိမ်ငယ်သလို ရှက်စိတ်ဝင်ခဲ့ဖူးတယ်။

အမျိုးသမီး တစ်ယောက်ဟာ မျက်မှန်ထူထူ၊ ပိန်ပိန်ကိုင်းကိုင်း နဲ့ သွားခေါ နေလို့ အကျည်းတန်မလေး တစ်ယောက် ဖြစ်နေတဲ့အတွက် ချစ်တဲ့ ခင်တဲ့ သူတွေ၊ ဂရုစိုက်မဲ့ သူတွေ မရှိတဲ့အခါ သူ့ကိုယ်သူ လူရာမဝင်တဲ့ သူတစ်ယောက်လို့ ထင်မိရင်း စိတ်ဓါတ်ကျဆင်းတဲ့ ရောဂါခံစားရပြီး ကိုယ့်ကိုယ်ကို သေကြောင်း ကြံစည်တဲ့ အဆင့်ထိ ဖြစ်သွားခဲ့ဖူးပါတယ်၊ 'မင်း မလှဘူး၊ မင်း အရုပ်ဆိုးတယ်၊ မင်း လူရာမဝင်ဘူး၊ မင်း ကို ချစ်တဲ့သူ တစ်ယောက်မှ မရှိဘူး' လို့ စာတန်မာရ်နတ် က လူတွေရဲ့ အတွေးထဲကို မကောင်းမြင်တဲ့ စိတ် ရိုက်သွင်း ပေးထားတယ် ဆိုတာ သင် သတိပြု မိပါသလား၊ နောက်ဆုံး ဒီလူတွေ စိတ်ဓါတ်ကျဆင်းတဲ့ ရောဂါ ခံစားရပြီး ကိုယ့်ကိုယ်ကို သေကြောင်းကြံစည် တဲ့ အဆင့်ထိ ခန္ဓာရော ဝိညာဉ်ပါ ပျက်စီး သွားအောင် စာတန်က လှည့်ကွက် ဆင်ထားပါတယ်။ သိပ်ချော သိပ်လှ တဲ့ သူတွေ ကျပြန်ရင်လဲ သွေး နားထင်ရောက် ၊ မာန်မာန တက်ပြီး လူတကာ ရဲ့ မြှောက်စားမှု ကြားမှာ ပျော်မွေ့ နေရင်းနဲ့ မိမိအလှကို ဗန်းပြပြီး စီးပွားရှာသူ၊ အလိုရမက် ကြီး သူတွေ ရဲ့ကြားမှာ ဘဝပျက်တဲ့သူ အဖြစ် အခြေအနေဆိုး ကို ရောက်သွားအောင် စာတန်က အကွက် ဆင်ထားပါတယ်။

ကဲ –ဒီ ဆောင်းပါး ကို ရှေ့ဆက် မဖတ်ခင်မှာ သင်နဲ့ အနီးဆုံး မှာ ရှိတဲ့ ကိုယ်လုံးပေါ် မှန်တစ်ချပ် ရှေ့မှာ ရပ်ပြီး သင့်ကိုယ်သင် သေသေချာချာ ကြည့်ပါ။

(အရင်တုံးက သင် 'မှန်' ပေါက်မတတ် ကြည့်ခဲ့ပြီးပြီ ဆိုတာ ကျွန်တော် သိပါတယ်၊ အခု ကြည့်ခိုင်းတာက တရားသဘောနဲ့ ရိုးရိုး ကြည့်ခိုင်းတာပါ။) သင့်ကိုယ်သင် လှတယ်လို့ ထင်ပါသလား။ ( ဒါက သင့်ကိုယ်သင် မြင်သော အမြင် ဖြစ်ပါတယ်) သင့် မိဘ ဆွေမျိုး အသိုင်းအဝိုင်း က သင့်ကို လှတယ်လို့ ပြောဖူး ပါသလား။ (ဒါက သင့်ကို သူတပါး မြင်သော အမြင် ဖြစ်ပါတယ်။) ဟုတ်ပြီ၊ သင်ဟာ လှတဲ့သူ (သို့) မလှတဲ့သူ ဖြစ်သွားပြီ။

– သင့်ရဲ့ ရုပ်ခန္ဓာ လှပခြင်းကို စာတန်မာရ်နတ် ရဲ့ ဒုစရိုက် လက်နက် အဖြစ် အသုံးချ မခံပါနှင့်။

– သင့် ရုပ်ခန္ဓာ မလှပ မှုကြောင့် အားမငယ်ပါနှင့်၊ လူနှင့် ဘုရားသခင် ကို အပြစ် မတင်ပါနှင့်။

သင် ဟာ လှတဲ့သူ တစ်ယောက် ဖြစ်နေရင် ဒီ ကျမ်းချက် တွေနဲ့ သင့်ကို ကျွန်တော် သတိပေး ချင်ပါတယ်။

* ယဉ်ကျေးသော အရာသည် လှည့်စားခြင်း နှင့် ယှဉ်တတ်၏။ လှသော အဆင်းသည် လဲ အချည်းနှီး ဖြစ်၏။ သုတ္တံ ၃၁း၃၀ (က)


မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်

* မိန်းမတို့သည် ကျစ်သော ဆံပင်၊ ရွှေတန်ဆာ၊ ကျောက်ပုလဲ အဖိုးထိုက်သော အဝတ်နှင့် ကိုယ်ကို မဆင်ဘဲ --- ၁တိ ၂း၉ (က)

* သင်သည် ပျက်စီးခြင်းသို့ ရောက်သောအခါ အဘယ်သို့ ပြုလိမ့်မည်နည်း။ နီမောင်းသော အဝတ်ကို ဝတ်သော် လည်းကောင်း၊ ရွှေတန်ဆာ ကို ဆင်သော် လည်းကောင်း၊ သင်၏ မျက်နှာ စုတ်ပဲ့ သည်တိုင်အောင် ဆေးသုတ် သော် လည်းကောင်း၊ သင်၏ တင့်တယ်ခြင်း ကို အချည်းနှီး ပြု၏။ ယေရမိ ၄း၃၀ (က)

သင် ဟာ မလှတဲ့ သူတစ်ယောက် ဖြစ်နေရင် ဒီ ကျမ်းချက် တွေနဲ့ ခွန်အား ပေးချင်ပါတယ်။

* သင့်ကို ငါ ရွေးနှုတ်ပြီ၊ ငါ့နာမ ဖြင့် မှည့်ပြီ။ သင့်ကို ငါ ဆိုင်၏။ ဟေရှာယ ၄၃း၁ (ခ)

* သင်သည် ငါ မြတ်နိုးရာ ဖြစ်သောကြောင့် အသရေ ရှိပြီ။ ငါလည်း ချစ်၏။ ဟေရှာယ ၄၃း၄ (က)

* ထာဝရဘုရား သည် အဝေးက ထင်ရှား၍ မိန့်တော်မူသည်ကား၊ အကယ်စင်စစ် ထာဝရ မေတ္တာ နှင့် သင့်ကို ငါချစ်၏။ ယေရမိ ၃၁း၃ (က)

ဘုရားသခင် ရဲ့ မျက်မှောက်မှာ သင်ဟာ အသရေ ရှိတဲ့သူ၊ လှပတဲ့ သူတစ်ယောက် ဖြစ်ပါတယ်။ သင့် ကို သူ ဖန်ဆင်းတဲ့ အချိန်မှာ တစ်စုံတစ်ရာ အမှားအယွင်း မဖြစ်ခဲ့ပါဘူး။ (ဆာလံ ၁၃၉း၁၆) သင့်ကိုယ်ခန္ဓာ အစိတ်အပိုင်း အားလုံးဟာ သခင် ရဲ့ ပြီးပြည့်စုံ တဲ့ လက်ရာကောင်း တစ်ခုဖြစ်ပါတယ်။ မလှဘူး လို့ သင်ထင်နေတဲ့ သင့် ကိုယ်ခန္ဓာ အစိတ်အပိုင်းတစ်ခု ဟာ သင်နဲ့ ဘုရားသခင် နီးစပ် စေဖို့ အကြောင်းအရာ တစ်ခုဘဲ ဖြစ်ပါတယ်။

ဘုရားသခင်ရဲ့ ကျေးဇူး ဟာ သင့်အတွက် လုံလောက် ပါတယ်။ ဘုရားသခင် ရဲ့ တန်ခိုးဟာ အားနည်းခြင်း အဖြစ်၌ စုံလင် တတ်ပါတယ်။ သင့် ကိုယ်၌ အားနည်းခြင်း အဖြစ်ကို ဝမ်းမြောက်သော စိတ်နှင့် ဝါကြွားပါ။ (ရှင်ပေါလု ၏ ခံယူချက် ဖြစ်ပါသည်။) ၂ကော ၁၂း၉

ကောင်းကင်ဘုံရှင် ဘုရားသခင် က သင့်ကို လှပါတယ်၊ ချစ်ပါတယ် လို့ပြောရင် ဘာမဟုတ်တဲ့ လူတွေက သင့်ကို မလှဘူး၊ မချစ်ဘူး လို့ ပြောတာကို ဘာ အရေးစိုက်စရာ လိုသေးလို့လဲ၊ မဟုတ်ဘူးလားဗျာ။ ။

လူတိုင်းလှပါတယ်၊

ဒီဆောင်းပါး ကို ဖတ်တဲ့ သင်က ပိုပြီးလှပါတယ်။

(မင်းအောင်သက်လွင်)

ဝန်ခံချက်။ ။ LINDA S. MINTLE ရေးသားသော JUDGING BY APPEARANCES အား အနည်းငယ် မှီငြမ်း ပါသည်။

စာမူများ ရေးသား ပေးပို့ လိုပါက (ဆက်သွယ်နိုင်ပါသည်)


MIN AUNG THET LWIN
4 TUAS AVE 10
SINGAPORE 639128


## ရင်တွင်းဖြစ်ဆုတောင်းသံ

ကျွန်ုပ်ပြောကြား၊ အများ 'နား' ၌
လှုပ်ရှားသက်ဝင်၊ ပဲ့တင်ထပ်သည့်
ကိုယ်တော့်သံတော်၊ ထင်ပေါ်စေရန်
အို မြတ်ဘုရားရှင် ၊ နှုတ်မြွက်ဆင်ပါ။

ပျောက်ဆုံးသိုးမည်း၊ အဖေါ်ကွဲနှင့်
လေလွင့်လမ်းမှား၊ သမီးသားအား
ကိုယ်တော်နည်းတူ၊ ချစ်ကြည်ဖြူလျက်
ကြင်နာယုယ၊ ရှာခွင့်ပြုပါ။

ကိုယ်တော်ဝေမျှ၊ ကျွန်ုပ်ရသည့်
ဖိုးတန်နက်နဲ၊ ရတနာခဲအား
တပါးသောသူ၊ မျှခံယူဖို့
မလွဲပိုင်ပိုင်၊ ပြည့်နှင်နိုင်ရန်
အကျွန်ုပ်အား၊ သွန်သင်မူပါ။

ကျွန်ုပ်မြွက်ကြား၊ သမ္မာတရားအား
နက်ရှိုင်းချိုင့်ဝှမ်း၊ အဝိဇ္ဇာလွှမ်းသော
မောဟတွေပြား၊ နှလုံးများသို့
နားရောက်နိုဝင်၊ မေတ္တာဆင်ရန်
တောင်ပံတစ်စင်း၊ ကိုယ်တော်နှင်းပါ။

တက်ကြွကွန့်မြူး၊ အတွေးထူးနှင့်
ကိုယ်တော်မေတ္တာ၊ ကြီးမြတ်စွာကြောင်း
နှုတ်မြွက်ချီးမွမ်း၊ သက်တာလမ်းတွင်
ထင်ရှားပြသ၊ သာဓက ဖြင့်
စိမ့်စိမ့်ယိုဖိတ်၊ စေတသိက်၌
သက်ဝင်လှုပ်ရှား၊ ရှင်ဘုရား၏
စုံလင်တရား၊ ကျွန့်ငယ်သားအား
ယနေ့သွန်းလောင်းတော်မူပါ။ ။
(ဝင်းမြင့်ဦး )

သို့ - အကြမ်းဖက်သူများ
သင်တို့သည် ငါတို့၏ အဆောက်အအုံ ကို ဖြိုဖျက် နိုင်ခဲ့သော်လည်း၊
ငါတို့၏ အခြေခံ အုတ်မြစ် ကို မဖြိုလှဲ နိုင်ခဲ့ပါ။
သင်တို့သည် ငါတို့၏ ကိုယ်ခန္ဓာ ကို ပျက်စီး စေခဲ့သော်လည်း၊
ငါတို့၏ ဝိညာဉ် ကို မဖျက်စီး နိုင်ခဲ့ပါ။
သင်တို့သည် ငါတို့၏ အသည်းနှလုံး ကို မြေတွင် မြှပ်နှံ နိုင်ခဲ့သော်လည်း၊
ငါတို့၏ ချစ်ခြင်းမေတ္တာကို မသင်္ဂြိုဟ် နိုင်ခဲ့ပါ။
သင်တို့သည် ငါတို့ကို ဤလောကမြေကမ္ဘာ မှ ထွက်ခွာ စေခဲ့သော်လည်း၊
ငါတို့ကို ကောင်းကင်နိုင်ငံတော် မှ မဆွဲချ နိုင်ခဲ့ပါ။
မှ - ချစ်တတ်သူများ

[၁၁-၉-၂၀၀၁ အကြမ်းဖက် တိုက်ခိုက်ခြင်းခံရသူများ နှင့် ကျန်ရစ်သူများ ကိုယ်စား ခံစားပါသည်။]
(အက်စစ်)

# ဝေဒနာခံစားရာ အကျည်းတန်ကမ္ဘာမြေ ကိုကုစားပေးပါ၊ အဖ



သာယာလှပသော မြို့လေးတစ်မြို့၊ မြင့်မားကြီးမား လှပသော တိုက်တာများ၊ ခေတ်မှီ ဆန်းသစ်သော အသုံးအဆောင် ပစ္စည်းများ နှင့် အရာရာ ပြီးပြည့်စုံပြီး တိတ်ဆိတ်အေးချမ်း နေသည်ဟု ထင်ရသော်လဲ ထိုနေရာသည် ပူလောင်ငိုကြွေးနေသော နယ်စပ်မြို့လေး တစ်မြို့ဖြစ်သည်။

ကျွန်မ၏ မိဘများ တာဝန်ကျသော ထိုမြို့သို့ ရောက်သွားချိန်သည် ၁၉၉၇ ခုနှစ် ပတ်ဝန်းကျင်က ဖြစ်ပါသည်။ ရောက်စက အရမ်း ပျော်ခဲ့ပါသည်။ မြင်လေသမျှ ၊ စားလေသမျှ မှာ အထူးအဆန်း ဖြစ်ရသလို ကြားရသော သတင်းများကလဲ မယုံကြည်နိုင်စရာ ကောင်းလွန်းလှပါသည်။

ထိုမြို့သည် နယ်စပ်မြို့လေး ဖြစ်သည့်အတွက် အနယ်နယ် အရပ်ရပ်မှ ရေကြည်ရာ မြက်နုရာ လာရောက် လုပ်ကိုင် စားသောက် သူများ၊ အတည်တကျ အခြေချ နေထိုင် သူများနှင့် စည်ကားလှပါသည်။ အများစုမှာ တစ်ဘက်ကမ်းသို့ (ထိုင်း နိုင်ငံ) သွားရောက် ပြီး အလုပ်လုပ်ကိုင် စားသောက် ကြပါသည်။ ထိုသူများ ထဲမှ အချို့သည် ကောင်းသော သမ္မာ အာဇီဝ အလုပ်ဖြင့် အသက်မွေး ကြသော်လဲ၊ အချို့မှာ မကောင်းသော အလုပ်ဖြင့် အသက်မွေး နေကြပါသည်။ ဝမ်းနည်းစရာ ကောင်းသည်မှာ မကောင်းသော အလုပ်ဖြင့် အသက်မွေး သူများထဲတွင် ယုံကြည်သူများလဲ ပါဝင်နေသည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။

ကျွန်မ နေသော အိမ်သည် ဘုရားကျောင်း ဝင်းထဲတွင် ရှိနေပြီး၊ ကျွန်မ ကိုယ်တိုင်လဲ ဆယ်တန်း အောင်ပြီးခါစ ဖြစ်သောကြောင့် အားလပ်ချိန်များ ရှိနေသည့်အတွက် ထိုမြို့လေးတွင် ဘုရားရှင်အတွက် အချိန်ပြည့် အစေခံခဲ့ပါသည်။

အသင်းတော်မှ လူငယ်များ အားလပ်သည့်အခါတွင် သင်းဝင်သူ မိသားစုများထံ သွားရောက်၍ မိတ်သဟာရ ဖွဲ့ရသည်မှာ အလွန်အားရ ပျော်ရွှင်ဖွယ် ကောင်းလှပါသည်။ ထို့အပြင် မယုံကြည်သူ မိသားစုများနှင့် ဆေးရုံတွင်ကုသမှု ခံယူနေရသော ဝေဒနာသည်များကို လဲ အပတ်စဉ် သွားရောက်၍ အားပေး စကားပြောကာ မေတ္တာပြခဲ့ပါသည်။ ထိုပျော်ရွှင်စရာ နေ့ရက်များကို ယခုတိုင် ကျွန်မ မြင်ယောင်ရင်း လွမ်းဆွတ် နေမိပါသည်။


ဝမ်းနည်းစရာ ကောင်းသည်မှာ ထိုင်းနိုင်ငံ တွင် မိမိ ကိုယ်ခန္ဓာကို ရောင်းစား၍ အလုပ် လုပ်ကိုင်သောသူ၊ မိဘများကို ကျေးဇူး ဆပ်ချင်လွန်း၍ မကောင်းသော အရာများထဲတွင် နစ်မြုပ် နေရသောသူ၊ ကြီးပွားတိုးတက်လို၍ ဘဝ နှင့်ရင်း၍ စီးပွား ရှာနေသောသူ များစွာကို နေ့စဉ်မြင်တွေ့ နေရခြင်းပင် ဖြစ်သည်။ ထိုသူများမှာ ဘဝနှင့် ယှဉ်၍ ရင်းနှီးခဲ့သလောက် အကျိုးများစွာ၊ ချမ်းသာ ကြွယ်ဝခြင်းများစွာ ရရှိခံစားခဲ့ပါသည်။ ထိုစည်းစိမ် များနှင့် အတူ ခါးသီး မုန်းတီးစရာ ကောင်းသော အေအိုင်ဒီအက်(စ) ရောဂါဆိုး ကိုလဲ ရရှိခဲ့ကြပါသည်။

ကျွန်မ နှင့် သင်းအုပ်ဆရာမ တစ်ဦးသည် တစ်ပါတ် တစ်ခါ ရွာထဲသွား၍ နာမကျန်း ဖြစ်နေသောသူ၊ စိတ်ဆင်းရဲ ငိုကြွေး နေသောသူ တို့အတွက် ဝိညာဉ် အစာကျွေးဖို့ သွားရောက်ခဲ့ကြပါသည်။ ထိုရွာထဲတွင် အနည်းဆုံး တစ်အိမ်လျင် တစ်ယောက် နှုန်းဖြင့် အေအိုင်ဒီအက်(စ) ရောဂါ ခံစားနေသော မြင်ကွင်း ကိုတွေ့ရသည်မှာ အလွန် ရင်နာစရာ ကောင်းလှပါသည်။ ဝေဒနာ ခံစားရလွန်း၍ ညည်းတွား နေသော အသံ များမှာ ကျွန်မ ရင်ထဲမှာ မချိအောင် ခံစားရပါသည်။ ထိုသူတို့ အပြစ်များ လွတ်ငြိမ်းခံရပြီး ဝေဒနာ သက်သာစေရန် အတွက် သင်းအုပ်ဆရာမမှ ခေါင်းပေါ်လက်တင်၍ ဆုတောင်းပေးခဲ့သည့် ပုံရိပ်များ မှာ ကျွန်မနှလုံးသား ထဲတွင် ယခုတိုင် ထင်ဟပ်နေဆဲပင်။

"ကိုယ်တော်ရှင် သမီးရဲ့အပြစ်ကို ခွင့်လွှတ်တော်မူပါ။ ကိုယ်တော်ရှင် ဖန်ဆင်းထားသော သာယာလှပသည့် ဤကမ္ဘာကြီးကို အရုပ်ဆိုး အကျည်းတန်စေသည့် အပြစ်သားများကို ခွင့်လွှတ်တော်မူပါ။ ခံစားနေရသော ဝေဒနာ များကို ငြိမ်းစေတော်မူပါ။ အပြစ်မဲ့သော ရင်သွေးငယ် များလဲ ဆင်ခြင်တုံ တရားမဲ့သော မိဘများကြောင့် နာကျင်ငိုကြွေးနေရပါတယ်။ အဖရဲ့ ကရုဏာ ရေအေးလေးကို ငမိုက်သား ဤကမ္ဘာမြေ ပေါ်သို့ သွန်းလောင်း ပေးတော်မူပါ" ။ ။

( ရှမ်းပြည်ငယ် အတွက် အမှတ်တရ )
မေတ္တာ ကရုဏာ သက်စွာဖြင့်
သောရှီး ( နန်းစင်ဖြူ )

တရားပလ္လင် ပေါ်မှာ အလှဆင်ထားတဲ့ ရောင်စုံ ပန်းအိုးလေးရဲ့ ဘဝ ကို တမ်းတမက်မောနေတာထက် ညစ်ပေနေတဲ့ ခြေထောက် ကို သန့်စင်ပေးတဲ့ ဘုရားကျောင်း အဝင်ဝ က ခြေသုတ်ဝတ် လေးရဲ့ ဘဝ ကို မြတ်နိုးပါ။



## လူ

တရား ကို တွေ့ ခဲ့တာလဲ လူ
ဘုရား ကို မေ့ ခဲ့တာလဲ လူ၊
(နောက်ဆုံးတော့)
အမြဲတမ်း မှား နေတာလဲ လူ
ငရဲလမ်း သွား နေတာလဲ လူ။

(ကျွန်တော်)



ဘာသာပြန် မိုးပြင်

တစ်ခါက အင်္ဂလန်နိုင်ငံရဲ့ နယ်စပ်တစ်နေရာက မြို့သစ်ငယ်လေး တစ်မြို့မှာ ရျော့ချ်သောမတ်စ် လို့ခေါ်တဲ့ သင်းအုပ်ဆရာတစ်ပါးရှိတယ်။ တစ်ခုသော တနင်္ဂနွေနေ့ မနက်မှာ သင်းအုပ်ဆရာ ရျော့ချ်သောမတ်စ် ဟာ သံချေးတက်ပြီး ကွေးကောက် ဟောင်းနွမ်းနေတဲ့ ငှက်လှောင်အိမ်တစ်ခုကို ဘုရားကျောင်း ဝတ်ပြုစည်းဝေးခန်းမ ထဲသယ်လာပြီးတော့ လူအများမြင်သာတဲ့ တရားဟော စင်မြင့်ပေါ်မှာတင်ထားလိုက်တယ်။ ဘုရားကျောင်း ထဲရောက်လာတဲ့ တရားနာ ပရိတ်သတ် အားလုံးဟာ စင်မြင့်ပေါ်တင်ထားတဲ့ ငှက်လှောင်အိမ်ကို စိတ်ဝင်တစား ကြည့်နေကြတယ်။ တရားဟောဖို့အချိန်ကျလာ တဲ့အခါမှာတော့ ရျော့ချ်သောမတ်စ် ဟာ ဒီငှက်လှောင်အိမ်ကို ဘယ်လိုရလာတယ်ဆိုတဲ့အကြောင်း ပရိတ်သတ်ကို စပြီးသက်သေခံပါတော့တယ်။

လွန်ခဲ့တဲ့ တနလာ်နေ့ မနက်တုံးက ကျွန်တော် ဈေးထဲမှာ လမ်းလျှောက်ရင်း ဈေးဝယ်ထွက်နေတုံး ကောင်လေး တစ်ယောက်ဟာ ဒီ လှောင်အိမ်ဟောင်းလေး ကို ကိုင်ပြီး ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်ဘက် က လျှောက်လာတာ တွေ့လိုက်ရတယ်။ ကျွန်တော်လဲ အမှတ်တမဲ့ လှောင်အိမ် ထဲကို ကြည့်လိုက်တော့ အမွှေးအတောင် တွေ ရေစိုပြီး တုန်ရီ ထိတ်လန့်နေတဲ့ ငှက်သုံးကောင် ကို တွေ့လိုက်ရတယ်။ ဒါနဲ့ ကျွန်တော်လဲ "သားရေ အဲဒါ ဘာတွေလဲ " လို့မေးလိုက်တော့ " လယ်ကွင်းထဲက ဖမ်းမိလာတဲ့ ငှက်အိုကြီးတွေပါ " လို့ ကောင်လေး ကပြန်ဖြေတယ်။ "သူတို့ကို မင်း ဘာလုပ်မလို့လဲ " လို့ထပ်မေးတော့ "ကျွန်တော် သူတို့နဲ့အပျော် ကစားချင်လို့ယူလာတာပါ။ သူတို့ရဲ့ အမွှေးအတောင် တွေကို နှုတ်ပြီး သူတို့ အချင်းချင်း ရန်ဖြစ်တာကို ကြည့်ရတာ သိပ်ပျော်ဖို့ ကောင်းတာဘဲ ဘဘ ရဲ့ " လို့ကောင်လေး က ကျွန်တော့်ကို ပြန်ဖြေပါတယ်။

ဒါနဲ့ ကျွန်တော်က "သူတို့ကို မင်းအဲဒီလို ကစားပြီးရင် ဘာ ဆက်လုပ်မှာလဲ "လို့ ထပ်မေးလိုက်တော့ "ဟာ– ကျွန်တော့်မှာ ကြောင်တွေ အများကြီး ရှိတယ် ဘဘ ရဲ့ ကြောင်တွေက ငှက်တွေဆို သိပ်ကြိုက်တာ၊ ဒီငှက်တွေကို ကြောင်စာ ကျွေးလိုက်မှာပေါ့ ဗျာ "လို့ ကောင်လေး က ခပ်သွက်သွက် ပြန်ဖြေတယ်။ ကျွန်တော် ခန စဉ်းစား လိုက်တယ်၊ ပြီးတော့ ကောင်လေး ကို "အဲဒီ ငှက်တွေအားလုံးကို ဘဘ ဝယ်မယ်ဆို ရင် သားက ဘယ်လောက် နဲ့ရောင်းမလဲ "လို့ မေးလိုက်တယ်။ "ဗျာ--ဒီ ငှက်တွေကို ဝယ်မလို့ဟုတ်လား၊ ဒါ အိုနာကျိုးကန်း ငှက်တွေဗျ။ သီချင်းလဲမဆိုနိုင်တော့ဘူး၊ လှလဲ မလှဘူး၊ ဘာဝယ်လုပ်မှာလဲ" လို့ ကောင်လေး က မျက်လုံးပြူး မျက်ဆန်ပြူး နဲ့ပြန်မေးတယ်။ "ဘယ်လောက်နဲ့ ရောင်းမလဲ" လို့ ကျွန်တော် အသံပြတ်နဲ့ မေးလိုက်ချိန်မှာတော့ ကောင်လေးက ဒီအဖိုးကြီး ရူးနေပြီ ထင်တယ်ဆိုတဲ့ အတွေးနဲ့ ဈေးကို မတန်တဆ မြှင့်ပြီး " ဆယ်ဒေါ်လာ" လို့ပြန်ဖြေတယ်။ ကောင်လေး လက်ထဲကို တစ်ဆယ်တန် ဒေါ်လာ တစ်ရွက် ထည့်ပေးလိုက်တာနဲ့ ကောင်လေး လဲ ချာကနဲ လှည့်ထွက်သွားတယ်။ အဲဒီတော့မှ ကျွန်တော်လဲ ငှက်လှောင်အိမ်ကို ငြင်ငြင်သာသာ ကောက်ယူပြီး အနားမှာရှိတဲ့ သစ်ပင်ပေါ်က သစ်ခေါင်းပေါက် တစ်ခုနားမှာ ချိတ်ဆွဲ ထားလိုက်တယ်။ ပြီးတော့ လှောင်အိမ်ထဲက ငှက်တွေကို အပြင်ထွက်အောင် လုပ်ပြီး သစ်ခေါင်းကို သူတို့ နေလို့ရအောင် မြက်ပင်လေးတွေ နဲ့ အသိုက်တစ်ခု လုပ်ပေးလိုက်ပါတယ်။ ငှက်လေးတွေ အားလုံး လွတ်လပ်ပျော်ရွှင် စွာနဲ့ ဘေးမဲ့ သွားမှ အခု ခင်ဗျားတို့ မြင်နေရတဲ့ ဒီ ငှက်လှောင်အိမ် အလွတ်ကြီးကို ခင်ဗျားတို့ အတွက် သက်သေ အဖြစ် ယူလာတာပါ။

သင်းအုပ်ဆရာ ရျော့ချ်သောမတ်စ် ဟာ တရားပလ္လင် ပေါ်မှာ ရှိနေတဲ့ ငှက်လှောင်အိမ် အကြောင်းကို ပရိတ်သတ် အားလုံးရဲ့ ရှေ့မှာ သက်သေခံ နေပါတယ်။ နောက်တော့မှ ပုံပြင်လေးတစ်ပုဒ်ကို ဆက်ပြီးပြောပြပါတယ်။

***[တစ်နေ့မှာ ယေရှု နဲ့ စာတန်ဟာ အတူတကွ စကားပြော နေကြတယ်။ စာတန်ဟာ ခုနလေးတင်ကဘဲ ဒေဝဉယျာဉ် ထဲက ထွက်လာတာဖြစ်တယ်။ စာတန် က ယေရှု ကို အောင်မြင်ဂုဏ်ယူ ဝင့်ကြွားစွာ လေသံနဲ့ "အခုဆိုရင် ဟောဒီ လောက လူသားတွေအားလုံးကို ကျုပ် အကွက်ဆင် ဖြားယောင်း သွေးဆောင်ပြီးတော့ သိမ်းသွင်း ပြီးသွားပါပြီ၊ သူတို့ ကျုပ်ကို ဘယ်လိုမှ မခုခံ နိုင်ခဲ့ ပါဘူး၊ တလောက လုံးက လူသားတွေဟာ ကျုပ် လက်ခုပ်ထဲက ရေ ဖြစ်သွားပါပြီ ဟဲဟဲဟဲ" လို့ ပြောလိုက်တယ်။

"မင်းသူတို့ ကို ဘာလုပ်မလို့လဲ "လို့ ယေရှု က ပြန်မေးတဲ့အခါ "အိုး –ကျုပ် အပျင်းပြေအောင် သူတို့ကို ပျော်တော်ဆက် အနေနဲ့ အသုံးချမှာပေါ့၊ လွယ်လွယ်လေး လက်ထပ်ကြ၊ ပြီးရင် ကွာရှင်း ပြတ်စဲကြ၊ အချင်းချင်း မုန်းတီးကြ၊ ကျိန်ဆဲကြ၊ သောက်စားမူးရစ်ရမ်းကားကြ၊ သတ်ကြ ဖြတ်ကြ ရအောင် ကောင်းကောင်း သင်ပေးလိုက်မှာ ပေါ့ – ဟားဟားဟား –– ပျော်စရာကြီးဗျာ" လို့ စာတန် က ဟားတိုက် ရယ်မောပြီးပြန်ဖြေတယ်။

"ဒါပြီးရင် သူတို့ကို မင်း ဘာဆက်လုပ်မလဲ "လို့ ယေရှု က ထပ်မေးတော့ စာတန် က ကောက်ကျစ်စွာ ပြုံးလိုက်ပြီး "တစ်ယောက် မကျန် ဖျက်ဆီး ပစ်လိုက်မှာပေါ့ "လို့ပြန်ဖြေတယ်။ "ဒီလောက ထဲက လူသားတွေ အားလုံးကို ငါ ဝယ်မယ် ဆိုရင် မင်း ဘယ်လောက်နဲ့ရောင်းမလဲ "လို့ ယေရှု က မေးလိုက်တော့ "ဘာ ဒီလူတွေ အားလုံးကို ခင်ဗျား ဝယ်မလို့ ဟုတ်လား၊ ဒီလူတွေ က တစ်ယောက်မှ ကောင်းတာမဟုတ်ဘူး၊ သူတို့ကို ခင်ဗျား ဖန်ဆင်းခဲ့တာ ကိုလဲ သူတို့ သတိမရ ကြတော့ဘူး၊ ခင်ဗျားကို လဲ မချစ်ဘူး၊ အားလဲ မကိုးကြတော့ဘူး၊ ဘာဝယ်လုပ်မှာလဲ "လို့ စာတန် က အံ့အားသင့်စွာနဲ့ ပြန်ပြောလိုက်တယ်။ ယေရှု က "ဘယ်လောက်နဲ့ ရောင်းမှာလဲ "လို့ အေးဆေး တည်ငြိမ်တဲ့ လေသံနဲ့ ထပ်မေးလိုက်တယ်။ စာတန်က ယေရှု ကို လှောင်ပြုံးလေး နဲ့ ပြုံးကြည့်ပြီး ၊ " ခင်ဗျားရဲ့ မျက်ရည်တွေ အားလုံး၊ သွေးတွေ အားလုံးနဲ့ ရောင်းမယ်ဗျာ "လို့ ပြောလိုက်တယ်။ " ကောင်းပြီ " လို့ ယေရှု က ပြန်ဖြေလိုက်တယ်၊ ပြီးတော့ အဲဒီ အဖိုးအခ တွေ အားလုံးကို ပေးဆပ် သွားခဲ့ပါတယ်။]***

သင်းအုပ်ဆရာ ရျော့ချ်သောမတ်စ် ဟာ ပုံပြင်လေးကို ဒီမှာဘဲ အဆုံးသတ် လိုက်တယ်။ ပြီးတော့ လှောင်အိမ် အလွတ်ကြီးကို ကောက်ယူ လိုက်ပြီး ဘုရားကျောင်း ထဲက တစ်လှမ်းချင်း ထွက်သွားပါတော့တယ်။ ။ ( အက်စ် )

ဝန်ခံချက်။ ။ The Birdcage အားဆီလျော်အောင် မြန်မာ ဘာသာ ပြန်ဆိုပါသည်။

*ဤ 'သခင့်စကား ' စာစောင်အား မိတ္တူ ကူး၍ သင့် မိသားစု၊ ဆွေမျိုး နှင့် မိတ်ဆွေများ ထံ ပေးပို့ ခြင်းဖြင့် အမှုတော်မြတ် တွင် ပါဝင်ပါ။ သင့်အား ဘုရားရှင် ကောင်းကြီး ပေးပါ လိမ့်မည်။*